# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

# စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန

# ပြည်တွင်းအခွန်များဦးစီးဌာန

## လိုက်နာကျင့်သုံးရန်သတ်မှတ်ချက်

**အမှတ်၊ ၁ / ၂၀၁၉**

**နေပြည်တော်၊ ၁၃၈၀ ပြည့်နှစ်၊ တပို့တွဲလပြည့်ကျော် ၇ ရက်**
**(၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၀ ရက်)**

**အငှားပိုင်ဆိုင်သူက ငှားရမ်းခြင်းအတွက် ပေးရသည့် ပရီမီယံ (Lease Premium) ကို ဝင်ငွေခွန်တွက်ချက်ရာ၌ စရိတ်အဖြစ် နုတ်ပယ်ခွင့်မပြုခြင်းနှင့် လစဉ်ငှားရမ်းခပေးချေငွေကိုသာ စရိတ်အဖြစ်နုတ်ပယ်ခွင့်ပြုခြင်း**

၁။ ပြည်တွင်းအခွန်များဦးစီးဌာနသည် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် ဝင်ငွေခွန်ဥပဒေ ပုဒ်မ ၅၁၊ ပုဒ်မခွဲ (ဂ) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ အငှားပိုင်ဆိုင်သူက ပေးရသည့် ငှားရမ်းခြင်းအတွက်ပရီမီယံ (Lease Premium) ကို ဝင်ငွေခွန်တွက်ချက်ရာ၌ စရိတ်အဖြစ် နုတ်ပယ်ခွင့်မပြုခြင်းနှင့် လစဉ်ငှားရမ်းခပေးချေငွေ (ငှားရမ်းခကို ကြိုတင်ပေးချေရပါက ကြိုတင်ငှားရမ်းခပေးချေငွေ အပါအဝင်) ကိုသာ စရိတ်အဖြစ်နုတ်ပယ် ခွင့်ပြုခြင်းနှင့်စပ်လျဉ်း၍ ဝင်ငွေခွန်တွက်ချက်ရာတွင် မည်သို့လိုက်နာကျင့်သုံးရမည်ကို ရှင်းလင်းစွာသိရှိနိုင်စေရန်အတွက် သတ်မှတ်ရခြင်းဖြစ်ပါသည်။

### သက်ဆိုင်သည့်အကြောင်းအရာ

၂။ ဤလိုက်နာကျင့်သုံးရန် ထုတ်ပြန်သတ်မှတ်ချက်သည် အငှားပိုင်ဆိုင်သူက ပေးရသည့် ငှားရမ်းခြင်းအတွက်ပရီမီယံ (Lease Premium) ကို ဝင်ငွေခွန်တွက်ချက်ရာ၌ စရိတ်အဖြစ် နုတ်ပယ်ခွင့်မပြုခြင်း၊ လစဉ်ငှားရမ်းခပေးချေငွေ (ငှားရမ်းခကိုကြိုတင်ပေးချေရပါက ကြိုတင်ငှားရမ်းခပေးချေငွေအပါအဝင်) ကိုသာ စရိတ်အဖြစ် နုတ်ပယ်ခွင့်ပြုခြင်းတို့နှင့်စပ်လျဉ်း၍ ပြည်တွင်းအခွန်များဦးစီးဌာနအနေဖြင့် မည်သို့ကျင့်သုံး ဆောင်ရွက်ကြောင်း ရှင်းလင်းအသိပေးချက် ဖြစ်ပါသည်။

### အကျိုးသက်ရောက်သူများ

၃။ ဤထုတ်ပြန်ချက်သည် ပစ္စည်းတစ်ခုခုကို အငှားပိုင်ဆိုင်သူများအပေါ်တွင် အကျိုးသက်ရောက်စေပါသည်။

**သက်ဆိုင်ရာအဓိပ္ပာယ်ဖော်ပြချက်များ**

၄။ **အငှားချထားသူ**ဆိုသည်မှာ မိမိပိုင်ဆိုင်သည့်ပစ္စည်းတစ်ခုခုကို သတ်မှတ်ထားသည့်ငှားရမ်းခ အပြင် **ငှားရမ်းခြင်းအတွက်ပရီမီယံ (Lease Premium)** ကိုပါရယူ၍ အငှားချထားသောပစ္စည်း၏ ပိုင်ရှင်ကို ဆိုလိုပါသည်။

၅။ **အငှားပိုင်ဆိုင်သူ** ဆိုသည်မှာ ပစ္စည်းတစ်ခုခုကို ငှားယူရာတွင် သတ်မှတ်ထားသည့် ငှားရမ်းခ အပြင် **ငှားရမ်းခြင်းအတွက်ပရီမီယံ (Lease Premium)** ကိုပါ အငှားချထားသူသို့ပေးချေ၍ ငှားယူသူကို ဆိုလိုပါသည်။

၆။ **ငှားရမ်းခြင်းအတွက်ပရီမီယံ (Lease Premium)** ဆိုသည်မှာ ပစ္စည်းတစ်ခုခုကို ငှားရမ်းခွင့် ရရှိရန်အတွက် အငှားပိုင်ဆိုင်လိုသူက အငှားချထားသူသို့ တစ်လုံးတည်းပေးချေရသည့်ငွေကို ဆိုလို ပါသည်။

**သက်ဆိုင်ရာဥပဒေပြဋ္ဌာန်းချက်**

၇။ ဝင်ငွေခွန်ဥပဒေ ပုဒ်မ ၁၀၊ ပုဒ်မခွဲ (ခ)၊ ပုဒ်မခွဲငယ် (၁)၊ ပုဒ်မ ၁၁၊ ပုဒ်မခွဲ (ခ)၊ ပုဒ်မခွဲငယ် (၁) နှင့် ပုဒ်မ ၁၄-က တို့၌ သက်ဆိုင်ရာဝင်ငွေခေါင်းစဉ်အလိုက် ဝင်ငွေတွက်ချက်ရာတွင် ဝင်ငွေရရှိရန် ကုန်ကျသည့်စရိတ်များနှင့် စည်းမျဉ်းများအရပြဋ္ဌာန်းသည့် ပစ္စည်းတန်ဖိုးလျော့ငွေတို့ကို နုတ်ပေး ရမည် ဖြစ်သော်လည်း **မ-တည်စရိတ်ကို နုတ်ပေးခြင်းမပြုရကြောင်း** ပြဋ္ဌာန်းထားပါသည်။

**လိုက်နာဆောင်ရွက်ရန် တာဝန်သတ်မှတ်ချက်**

၈။ ပစ္စည်းတစ်ခုခုကို အငှားချရာတွင် အငှားပိုင်ဆိုင်သူက ငှားရမ်းခြင်းအတွက်ပရီမီယံ (Lease Premium) ပေးရပါသည်။ ငှားရမ်းမှုသဘောတူညီချက်အရ ငှားရမ်းခြင်းအတွက်ပရီမီယံ (Lease Premium)ပေးချေရခြင်းသည် အငှားပိုင်ဆိုင်ခွင့်ဟူသောအခွင့်အရေးတစ်ရပ်ရရှိရန်အတွက် ပေးချေ ရခြင်း ဖြစ်ပါသည်။ တစ်နည်းအားဖြင့် အငှားချထားသူ၏ ထိတွေ့၍မရသော ပစ္စည်းကို ငှားရမ်းမှု သဘောတူညီချက်နှင့်အညီ လွှဲပြောင်းရယူရန်အတွက်ပေးချေခြင်းသာ ဖြစ်ပါသည်။ ယင်းသို့ ပေးချေ ရသော ငှားရမ်းခြင်းအတွက်ပရီမီယံ (Lease Premium) သည် မ-တည်စရိတ်သာ ဖြစ်ပါသည်။ အကျိုးဆက်အားဖြင့် အငှားပိုင်ဆိုင်သူသည် အဆိုပါပစ္စည်းအတွက် ပေးချေရသည့် ငှားရမ်းခြင်း အတွက်ပရီမီယံ (Lease Premium) ပေးချေသည့်နှစ် သို့မဟုတ် ဝင်ငွေနှစ်အတွက် အငှားပိုင်ဆိုင် သူ၏ လုပ်ငန်းမှဝင်ငွေအပေါ် ဝင်ငွေခွန်တွက်ချက်ရာတွင် နုတ်ပယ်ခွင့်မရှိပါ။

၉။ သို့ရာတွင် ယင်းသို့ငှားယူခြင်းအတွက် ပေးချေရသည့် လစဉ်ငှားရမ်းခငွေ (ငှားရမ်းခကို ကြိုတင်ပေးချေရပါက ကြိုတင်ငှားရမ်းခပေးချေငွေအပါအဝင်)ကို ပေးချေသည့်နှစ်အတွက် ဝင်ငွေ ခွန် တွက်ချက်ရာတွင် နုတ်ပယ်ခွင့်ရှိပါသည်။ အဘယ့်ကြောင့်ဆိုသော် ယင်းငွေသည် ၎င်း၏

လုပ်ငန်းအတွက် မ-တည် စရိတ်မဟုတ်ဘဲ မိမိလုပ်ငန်းမှ ဝင်ငွေရရှိစေရန်အတွက် အသုံးပြုရသည့် စရိတ်ဖြစ်သောကြောင့် နုတ်ပယ်ခွင့် ရှိခြင်းဖြစ်ပါသည်။

**နမူနာဖြစ်စဉ်**

'အေ' သည် စီးပွားရေးလုပ်ငန်းတစ်ခုဖြစ်ပါသည်။ 'အေ' သည် မိမိ၏လုပ်ငန်း ဆောင်ရွက်ရန်အတွက် 'ဘီ' ထံမှ အဆောက်အအုံတစ်ခုကို ငှားရမ်းပါသည်။ ငှားရမ်းခြင်းသဘောတူစာချုပ်အရ -

(က) 'အေ' သည် 'ဘီ' ကို အဆောက်အအုံ ငှားရမ်းခ တစ်လလျှင် ကျပ် ၂,၀၀၀,၀၀၀/- ပေးရပါသည်။

(ခ) 'အေ' သည် ငှားရမ်းခြင်းသဘောတူညီချက်အရ ငှားရမ်းခြင်းအတွက် ပရီမီယံ (Lease Premium) ကျပ် ၂၄,၀၀၀,၀၀၀/- ကို 'ဘီ' သို့ ပေးရပါသည်။

**ဤလိုက်နာကျင့်သုံးရန် သတ်မှတ်ချက်ကို ကျင့်သုံးခြင်း**

'အေ' ပေးရသော ငှားရမ်းခြင်းအတွက်ပရီမီယံ (Lease Premium) ကျပ် ၂၄,၀၀၀,၀၀၀/- သည် 'ဘီ' အနေဖြင့် ထိတွေ့၍မရသောပစ္စည်းကို ငှားရမ်းမှုသဘောတူညီချက်နှင့်အညီ လွှဲပြောင်းရယူရန် အသုံးပြုရသည့် အရင်းအနှီး ဖြစ်ပါသည်။ ဆိုလိုသည်မှာ အဆောက်အအုံကို အငှားပိုင်ဆိုင်ခွင့်အတွက် ပေးရသည့်ငွေ ဖြစ်ပါသည်။ 'အေ' အနေဖြင့် ပေးလိုက်ရသော ငှားရမ်းခြင်းအတွက် ပရီမီယံ (Lease Premium) ကျပ် ၂၄,၀၀၀,၀၀၀/- ကို မိမိ၏လုပ်ငန်းမှဝင်ငွေအပေါ် ဝင်ငွေခွန်တွက်ချက်ရာ၌ နုတ်ပယ်ခွင့်မရှိပါ။

သို့ရာတွင် ယင်းသို့ငှားယူခြင်းအတွက် 'အေ' က ပေးချေရသည့် လစဉ်ငှားရမ်းခငွေ ကျပ် ၂,၀၀၀,၀၀၀/- သည် (ငှားရမ်းခကိုကြိုတင်ပေးချေရပါက ကြိုတင်ငှားရမ်းခပေးချေငွေအပါအဝင်သည်) လုပ်ငန်းအတွက် မ-တည်စရိတ် မဟုတ်ဘဲ မိမိလုပ်ငန်းမှ ဝင်ငွေရရှိရန်အတွက် လုပ်ငန်းဆောင်ရွက်ရာတွင် အသုံးပြုရသောစရိတ်ဖြစ်သဖြင့် ပေးချေသည့်နှစ်အတွက် ဝင်ငွေခွန် တွက်ချက်ရာတွင် နုတ်ပယ်ခွင့် ရှိပါသည်။

၁၀။ ဤလိုက်နာကျင့်သုံးရန်သတ်မှတ်ချက်ကို လက်မှတ်ရေးထိုးထုတ်ပြန်လိုက်ပါသည်။

(မင်းထွဋ်)
ညွှန်ကြားရေးမှူးချုပ်

စာအမှတ်၊ ၁(၂)/ ဉစ-၁/ ပတခ/ ၂၀၁၉ ( ၂၀၈၁ )
ရက်စွဲ၊ ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီလ ၂၀ ရက်

<u>ဖြန့်ဝေခြင်း</u>

မြန်မာနိုင်ငံစာရင်းကောင်စီ

ညွှန်ကြားရေးမှူးချုပ်၊ ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန } မြန်မာနိုင်ငံပြန်တမ်းတွင် ထည့်သွင်းကြေညာ ပေးပါရန် မေတ္တာရပ်ခံပေးပို့ပါသည်။

ဒုတိယညွှန်ကြားရေးမှူးချုပ် (အားလုံး)

ဌာနခွဲညွှန်ကြားရေးမှူး (အားလုံး)

ဌာနမှူး၊ အခွန်ထမ်းကြီးများဆိုင်ရာအခွန်ရုံး

ဌာနမှူး၊ အလယ်အလတ်အခွန်ထမ်းများဆိုင်ရာအခွန်ရုံး (၁)၊ (၂)၊ (၃)

တိုင်းဒေသကြီး/ ပြည်နယ်အခွန်ဦးစီးဌာနမှူး (အားလုံး)

} သက်ဆိုင်ရာ အခွန်ထမ်းများကို အသိပေးရှင်းလင်းရန် ညွှန်ကြားပေးပို့ပါသည်။

ပြည်ထောင်စုနယ်မြေအခွန်ဦးစီးဌာနမှူး

မြန်မာနိုင်ငံလက်မှတ်ရပြည်သူ့စာရင်းကိုင်များအသင်း

ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း

မိတ္တူကို

ရုံးလက်ခံ

မျှောစာတွဲ